# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# jyewr;

**အမှတ် ၁၅]** ရန်ကုန်မြို့ { ၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက် ( ၂၀၀၉ ခုနှစ်၊ ဧပြီလ ၁၀ ရက် ) } **သောကြာနေ့ [ အတွဲ ၆၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၉**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၃-၁-၂၀၀၈)/(၁/၂၀၀၈) ခွင့်ပြုချက်ဖြင့် ငွေကြယ်ဖြူ အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်အား အောက်ဖော်ပြပါ လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် (၃၀) အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

**လုပ်ကိုင်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| စဉ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအမည် | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ် |
|---|---|---|---|---|
| ၁။ | တိန်းသော်ကြိုးပြင်ကာကွယ်တော | - | ၂၀၀ | ၂၀၀၇ |
| ၂။ | တိန်းသော်ကြိုးပြင်ကာကွယ်တော | - | ၉၀၀ | ၂၀၀၈ |
| ၃။ | တိန်းသော်ကြိုးပြင်ကာကွယ်တော | - | ၉၀၀ | ၂၀၀၉ |
| ၄။ | တိန်းသော်ကြိုးပြင်ကာကွယ်တော | - | ၁၀၀၀ | ၂၀၁၀ |

၃။ သစ်တောရေးရာဝန်ကြီးဌာနအား အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဗိုလ်မှူးကြီးသန့်ရှင်း

အတွင်းရေးမှူး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## တရားရုံးချုပ်

## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၀၉

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

တရားရုံးချုပ်သည် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ နှင့်အညီ မန်စီမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးဇော်ခါး (တ/၂၃၅၁) အား မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၀၉

တရားရုံးချုပ်သည် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာများကို အပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးသန်းလွင် တ/၂၅၆၂ | ဘော်လခဲ |
| ၂။ | ဦးစိုးလင်းအောင် တ/၂၇၄၁ | မော်လမြိုင်ကျွန်း |
| ၃။ | ဦးဇော်ဝင်းနိုင် တ/၂၇၇၉ | မော်လမြိုင် |

## အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၀၉

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

တရားရုံးချုပ်သည် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်နော်မာဂရက်သာမီး တ/၁၉၃၇ | ချမ်းအေးသာစံ |
| ၂။ | ဒေါ်ရွှေမြင့်အုန်း တ/၂၃၆၀ | နတ်မောက် |
| ၃။ | ဦးအောင်ကြည် တ/၂၄၃၇ | သပိတ်ကျင်း |

အောင်တိုး၊
တရားသူကြီးချုပ်၊
တရားရုံးချုပ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
( ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် )

အမှတ် ၉၉ ။ ။ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄၁/၂၀၀၈) ၏ သဘောတူညီချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးဝင်းထွန်းနီအား အကြံပေးအရာရှိအဖြစ် လစဉ်ချီးမြှင့်ငွေ ကျပ်-၈၀၀၀၀ နှုန်းဖြင့် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ တတိယအကြိမ် တစ်နှစ် ခန့်ထားလိုက်သည်။

အမှတ် ၁၀၀ ။ ။ အကြံပေးအရာရှိအဖြစ်ခန့်ထားသော ဦးဝင်းထွန်းနီအား ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

အမှတ် ၁၀၁ ။ ။ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄၁/၂၀၀၈) ၏ သဘောတူညီချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းအား အငြိမ်းစားယူပြီးနောက် အကြံပေးအရာရှိအဖြစ် လစဉ်ချီးမြှင့်ငွေ ကျပ်-၁၅၀၀၀၀ နှုန်းဖြင့် ၂၀၀၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစ၍ ပထမအကြိမ် တစ်နှစ် ခန့်ထားလိုက်သည်။

အမှတ် ၁၀၂ ။ ။ အကြံပေးအရာရှိအဖြစ်ခန့်ထားသော ဦးတင်လွမ်းအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

ဗိုလ်ချုပ်ဌေးဦး၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**အမှတ် (၁) စက်မှုဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

အမှတ် ၁။ ။ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အဆင့်မြင့်ကြွေသီးစက်ရုံ (ချောက်) ရှိ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း စက်ရုံမှူးရာထူးတွင် အစမ်းခန့်ထားခဲ့သော ဦးဇော်မြင့်အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ ယင်းရာထူး၌ အတည်ပြုခန့်ထားလိုက်သည်။

အမှတ် ၂။ ။ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ) ရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း လက်ထောက်စက်ရုံမှူး (စစ်ဆေးရေး) ရာထူးဖြင့် အင်းစိန်အထည်စက်ရုံ အမှတ် (၁၁) ၏ စက်ရုံမှူးတာဝန် ထမ်းဆောင်လျက်ရှိသော ဦးကျော်ကျော်မောင်အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ မရမ်းကုန်းအထည်စက်ရုံ အမှတ် (၁) ၏ စက်ရုံမှူးတာဝန်များကို လက်ရှိရာထူးလစာဖြင့် စမ်းသပ်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၃။ ။ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ) ရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်း ဒုတိယလက်ထောက်စက်ရုံမှူး (ကုန်ထုတ်) ဦးစိုးဝင်းထွန်းအား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အင်းစိန်အထည်စက်ရုံ အမှတ် (၁၁) ၏ စက်ရုံမှူးတာဝန်များကို လက်ရှိရာထူးလစာဖြင့် စမ်းသပ်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၄။ ။ မြန်မာ့အထည်အလိပ်လုပ်ငန်း (ရုံးချုပ်) မှ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်း မန်နေဂျာ (ကုန်ထုတ်) ဦးတင်စိုးလှိုင်အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အနောက်မရမ်းကုန်းအထည်စက်ရုံ အမှတ် (၈) ၏ စက်ရုံမှူးတာဝန်များကို လက်ရှိရာထူးလစာဖြင့် စမ်းသပ်ထမ်းဆောင်စေလိုက်သည်။

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

အမှတ် ၇။ ။ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြုလုပ်သော ဤဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၀၈-၂၀၀၉) ၏ သဘောတူညီချက်အရ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) မှ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း ဌာနခွဲမှူး (ဘဏ္ဍာရေး) ဒေါ်ဝေဝေတင့်အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်း လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ရာထူးသို့ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ လုပ်ငန်းလိုအပ်ချက်အရ တိုးမြှင့်ခန့်ထားလိုက်သည်။

အောင်သောင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမှတ် (၁) စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

# (ဝန်ကြီးရုံး)

# အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၀၈)

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

( ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် )

အကြောင်းအရာ။ ။ **ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း (Black List) သတ်မှတ်ခြင်းကိစ္စ။**

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၀၆) ဖြင့် ရွှေသာယာမော်တော်ကားကုမ္ပဏီလီမိတက် **(Shwe Tharyar Motor Co.,Ltd)** နှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်းရေးသွင်းခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြပါ ရွှေသာယာမော်တော်ကားကုမ္ပဏီလီမိတက် **(Shwe Tharyar Motor Co.,Ltd)** တွင် အမည်ပျက်စာရင်းရေးသွင်းထားသော လူပုဂ္ဂိုလ်များဖြစ်သည့် ဦးခင်မောင်စန်း၊ ဒေါ်သဇင်နွယ်နှင့် ဦးဖော်ဝင်းတို့ပါဝင်သော စူပါအင်ကာကုမ္ပဏီလီမိတက်၊ မိဘကျေးဇူးကုမ္ပဏီလီမိတက်နှင့် မိဘကျေးဇူးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်စန်းသည် အခြားကုမ္ပဏီများမှ **Export Earning** များအား စာရင်းပြောင်းဝယ်ယူပြီး စင်ကာပူနိုင်ငံရှိ **NORTH RIDGE ASIA IMPEX PTE Ltd.** မှ **CNG Bus** (၃၂) စီးနှင့် **CNG KIT** (၃၂) စုံတို့ကို တင်သွင်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ စုံစမ်းတွေ့ရှိခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ စုံစမ်းတွေ့ရှိချက်များအရ ကုမ္ပဏီ (၃) ခုအား ဖျက်သိမ်းပြီး ကုမ္ပဏီ (၁) ခုနှင့် ယခင်အမည်ပျက်စာရင်း ရေးသွင်းထားပြီး (၃) ဦး အပါအဝင် အောက်ဖော်ပြပါ လူပုဂ္ဂိုလ်များအား ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ အမည်ပျက်စာရင်း **(Black List)** ထည့်သွင်းသတ်မှတ်လိုက်သည် -

**အမည်ပျက်စာရင်း (Black List) တွင် ထည့်သွင်းသည့် ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များ**

**၁။ (က) ကုမ္ပဏီ**

| | | |
|---|---|---|
| ကုမ္ပဏီအမည် | - | စူပါအင်ကာ ကုမ္ပဏီလီမိတက် **Super Anchor Co.,Ltd.** |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ | - | ၆၀၅/၁၉၉၂-၁၉၉၃ (၂-၁၂-၁၉၉၂) |
| သက်တမ်းကုန်ဆုံးရက် | - | ၃၁-၈-၂၀၀၆ (သက်တမ်းတိုးထားခြင်းမရှိပါ) |
| လုပ်ငန်းအမျိုးအစား | - | ရောင်းဝယ်ရေးလုပ်ငန်း |
| လိပ်စာ | - | အမှတ် (၆၈/၂)၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

**(ခ) လူပုဂ္ဂိုလ်များ**

| စဉ် အမည်/မှတ်ပုံတင်အမှတ် | လိပ်စာ |
|---|---|
| (၁) ဦးခင်မောင်စန်း ၁၂/လသန (နိုင်) ၀၀၇၄၉၉ | အမှတ် (၆၇)၊ ပထမထပ်၊ ၂၀-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| (၂) ဦးဖေဝင်း G/RGN-၀၂၇၁၁၉ | အမှတ် (၁၃၈)၊ ပထမထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |

| **စဉ် အမည်/မှတ်ပုံတင်အမှတ်** | **လိပ်စာ** |
|---|---|
| (၃) ဦးဇော်ဝင်း<br>LTA-၀၀၂၉၄၅ | အမှတ် (၂၇/၂)၊ ပထမထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| (၄) ဒေါ်သဇင်နွယ်<br>၁၂/လသန (နိုင်) ၀၀၆၇၆၅ | အမှတ် (၆၇)၊ ပထမထပ်၊ ၂၀-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |

၂။ **(က) ကုမ္ပဏီ**

| | | |
|---|---|---|
| ကုမ္ပဏီအမည် | - | မိဘကျေးဇူး ကုမ္ပဏီလီမိတက်<br>**Miba Kye Zue Co.,Ltd.** |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ | - | ၁၄၈၅/၁၉၉၈-၁၉၉၉<br>(၁၇-၃-၁၉၉၉) |
| သက်တမ်းကုန်ဆုံးရက် | - | ၃၀-၄-၂၀၀၈ (သက်တမ်းတိုးထားခြင်းမရှိပါ) |
| လုပ်ငန်းအမျိုးအစား | - | စက်မှုလက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်း |
| လိပ်စာ | - | အမှတ် (၃၄)၊ အခန်း (အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |

**(ခ) လူပုဂ္ဂိုလ်များ**

| **စဉ် အမည်/မှတ်ပုံတင်အမှတ်** | **လိပ်စာ** |
|---|---|
| (၁) ဦးခင်မောင်စန်း<br>၁၂/လသန (နိုင်) ၀၀၇၄၉၉ | အခန်းအမှတ် (၃၀၅)၊ ညောင်ပင်လေးဈေးပလာဇာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| (၂) ဒေါ်သန်းသန်းနွဲ့<br>၁၂/လသန (နိုင်) ၀၁၈၅၈၀ | အမှတ် (၂၇)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| (၃) ဒေါ်သဇင်နွယ်<br>LTA-၀၀၅၄၀၀ | အမှတ် (၆၇)၊ ဒုတိယထပ်၊ လမ်း (၂၀)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| (၄) ဦးမောင်မောင်ကြည်<br>၁၂/ဗတထ (နိုင်) ၀၂၃၉၃၅ | တိုက်အမှတ် (၇)၊ အခန်း (၆)၊ မြေညီထပ်၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| (၅) ဦးဇော်ဝင်း<br>LTA-၀၀၂၉၄၅ | အမှတ် (၂၇)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |

၃။ **(က) ကုမ္ပဏီ**

| | | |
|---|---|---|
| ကုမ္ပဏီအမည် | - | မိဘကျေးဇူး ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်<br>**Miba Kye Zue Trading Co.,Ltd.** |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ | - | ၃၄၃/၁၉၉၉-၂၀၀၀<br>(၂၅-၆-၁၉၉၉) |
| သက်တမ်းကုန်ဆုံးရက် | - | ၃၁-၃-၂၀၀၈ (သက်တမ်းတိုးထားခြင်းမရှိပါ) |
| လုပ်ငန်းအမျိုးအစား | - | ရောင်းဝယ်ရေးလုပ်ငန်း |
| လိပ်စာ | - | အမှတ် (၃၄)၊ အခန်း (အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |

**(ခ) လူပုဂ္ဂိုလ်များ**

| **စဉ် အမည်/မှတ်ပုံတင်အမှတ်** | **လိပ်စာ** |
|---|---|
| (၁) ဦးခင်မောင်စန်း<br>၁၂/လသန (နိုင်) ၀၀၇၄၉၉ | အခန်းအမှတ် (၃၀၅)၊ ညောင်ပင်လေးဈေးပလာဇာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | လိပ်စာ |
|---|---|---|
| (၂) | ဒေါ်သန်းသန်းနွဲ့ ၁၂/လသန (နိုင်) ၀၁၈၅၈၀ | အမှတ် (၂၇)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| (၃) | ဒေါ်သဇင်နွယ် LTA-၀၀၅၄၀၀ | အမှတ် (၆၇)၊ ဒုတိယထပ်၊ လမ်း (၂၀)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| (၄) | ဦးမောင်မောင်ကြည် ၁၂/ဗတထ (နိုင်) ၀၂၃၉၃၅ | တိုက်အမှတ် (၇)၊ အခန်း (၆)၊ မြေညီထပ်၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| (၅) | ဦးဇော်ဝင်း LTA-၀၀၂၉၄၅ | အမှတ် (၂၇)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |

ဝန်ကြီး (ကိုယ်စား)၊
(ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဒုတိယဝန်ကြီး)၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးဝန်ကြီးဌာန

## ညွှန်ကြားချက်အမှတ် ၁/၂၀၀၉

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံလေယာဉ် အက်ဥပဒေပုဒ်မ ၅-က၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးဝန်ထမ်းများ လိုက်ပါ၍ တာဝန်ထမ်းဆောင်ခြင်းဖြင့် မြို့ပြလေကြောင်းလုံခြုံရေးစနစ် ပိုမိုတိုးတက်ပြီး ထိရောက်မှုရှိစေရန်အလို့ငှာ အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

### လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများဆိုင်ရာ ညွှန်ကြားချက်

၁။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ -

(က) လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများကို အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ဝင်နိုင်ငံများ၏ လေဆိပ်နှင့် လေယာဉ်ကွင်းများတွင် အချိန်မရွေး အသုံးပြုနိုင်သည်။ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ဝင်နိုင်ငံမဟုတ်သော အခြားနိုင်ငံ၏ လေဆိပ်များတွင် ပျံသန်းမှုလုပ်ထုံးလုပ်နည်းများ၊ လုံခြုံရေးဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ လုပ်ပိုင်ခွင့် အာဏာများ၊ တာဝန်ရှိမှုများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ သီးခြားသဘောတူစာချုပ် ချုပ်ဆိုပြီးနောက် ထိုဝန်ထမ်းများကို အသုံးပြုနိုင်သည်။

(ခ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများအား အသုံးပြုမှုနှင့် စပ်လျဉ်း၍ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးအစီအစဉ်တွင် တိကျစွာ ထည့်သွင်းဖော်ပြထားရမည်။

(ဂ) လေယာဉ်ပျံသန်းစဉ် လိုက်ပါဆောင်ရွက်သော လုံခြုံရေးဝန်ထမ်းများအတွက် လိုအပ်သော သီးခြားအထောက်အပံ့များနှင့် စပ်လျဉ်း၍လည်း သက်ဆိုင်ရာလေဆိပ်နှင့် လေကြောင်းပျံသန်းရေးလုံခြုံမှုအစီအစဉ်တို့တွင် ထည့်သွင်းဖော်ပြရမည်။

D:\ksdl\gazette (15) 09 7

(ဃ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများအား လေယာဉ်အမှုထမ်းများ ဆောင်ရွက်ရန်သတ်မှတ်ထားသည့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းကို ဆောင်ရွက်စေခြင်း မပြုရ။

**ရွေးချယ်ခြင်းနှင့် တာဝန်ပေးခြင်း**

၂။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်မည့် ဝန်ထမ်းများအဖြစ် အောက်ပါအရည်အချင်းရှိသူများအား ရွေးချယ်လေ့ကျင့်ပေးရမည် -

(က) လေယာဉ်ပေါ်တွင် လက်နက်ကိုင်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ အထောက်အထားလက်မှတ် သို့မဟုတ် အရည်အချင်းရှိသူ ဖြစ်ရမည့်အပြင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တပ်ဖွဲ့ဝင်၊ ရဲတပ်ဖွဲ့ဝင်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တို့တွင်ရှိသည့် အရည်အချင်းများထက် ပိုမို၍ကျွမ်းကျင်သော အရည်အချင်းရှိသူ ဖြစ်ရမည်။

(ဂ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်မည့် ဝန်ထမ်းအဖြစ် လျှောက်ထားသူသည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးခြင်း ခံယူပြီးသူဖြစ်ရမည်။

(ဃ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်မည့် ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပုံမှန်ပြန်လည်စမ်းသပ်စစ်ဆေးခြင်း ခံယူပြီးသူဖြစ်ရမည်။

(င) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများသည် စိတ်ဖိစီးခြင်း၊ အားစိုက်ရခြင်း၊ အရေးကြီးသော ဆုံးဖြတ်ချက်များကို ပြုလုပ်ရခြင်းတို့ကြောင့် စိတ်ဓာတ်တည်ငြိမ်ပြီး ရင့်ကျက်သူဖြစ်ရမည်။

၃။ လေယာဉ်ပျံသန်းစဉ် လျှို့ဝှက်စွာ (in a covert mode) လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများအဖြစ် ရွေးချယ်ရာတွင် လူမျိုးမရွေး၊ ကျား မ မရွေး ပါဝင်စေရန် ထည့်သွင်းစဉ်းစားရမည်။

**လေ့ကျင့်ခြင်း**

၄။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်မည့် ဝန်ထမ်းများအား အောက်ဖော်ပြပါ လေ့ကျင့်ရေးအစီအစဉ်များအတိုင်း လေ့ကျင့်ပေးရမည် -

(က) ဖမ်းဆီးခြင်း (apprehension) နှင့် ချုပ်နှောင်ခြင်း (detention) နည်းစနစ်များ၊

(ခ) အနီးကပ်တိုက်ခိုက်မှုနှင့် လက်နက်မဲ့ ကိုယ်ခံပညာရပ်များ၊

(ဂ) စောင့်ကြည့်လေ့လာခြင်းနှင့် စုံစမ်းထောက်လှမ်းမှုပညာရပ်များ၊

(ဃ) ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနည်းလမ်းများ၊

(င) သေစေနိုင်သော လက်နက်များ အသုံးပြုခြင်း သို့မဟုတ် အင်အားအသုံးပြုခြင်းမဟုတ်သော အခြားနည်းပညာရပ်များ၊

(စ) လက်နက်ငယ်များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် လေ့ကျင့်မှုများ၊

(ဆ) ပျံသန်းနေသော လေယာဉ်အတွင်းမှာကဲ့သို့ နေရာအကန့်အသတ်နှင့် ကျဉ်းကျပ်မှုရှိသော နေရာများတွင် ဆောင်ရွက်နိုင်သည့် နည်းပညာရပ်များ။

၅။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများအား လေ့ကျင့်သင်ကြားမည့် သင်ရိုးညွှန်းတမ်းတွင် အောက်ပါတို့ပါဝင်ရမည် -

(က) လေဆိပ်နှင့် လေကြောင်းလိုင်းများ၏ လေကြောင်းဆိုင်ရာ လုပ်ငန်းဆောင်တာများ၊

(ခ) လေယာဉ်အမျိုးအစားများနှင့် ယင်းတို့၏စွမ်းဆောင်ရည်များ၊ လေယာဉ်တွင် တပ်ဆင်ထားသော ပစ္စည်းကိရိယာများ၏ ဆောင်ရွက်နိုင်မှုများ၊

(ဂ) လေကြောင်းခရီးစဉ်များနှင့် လေယာဉ်အမှုထမ်းများ၏ တာဝန်ဝတ္တရားများ၊

(ဃ) လေယာဉ်လက်မှတ်ဆိုင်ရာ ကိစ္စရပ်များနှင့် လေယာဉ်လိုက်ပါစီးနင်းခွင့်အတွက် စစ်ဆေးသည့် ကောင်တာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(င) လေဆိပ်ဖွဲ့စည်းတည်ဆောက်ထားပုံများ၊

(စ) လေယာဉ်အမှုထမ်းများ၊ ခရီးသည်များ၊ ဝန်စည်စလယ်များ၊ ချောထုပ်များနှင့်စပ်လျဉ်း၍ လေယာဉ်မထွက်ခွာမီ ပုံမှန်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ၊

(ဆ) ပျံသန်းမှုအစီအစဉ်နှင့် ဆင်းသက်ရန်ရွေးချယ်ထားသည့် အခြားလေဆိပ်များနှင့်စပ်လျဉ်းသည့် အထွေထွေအကြောင်းအရာများ၊

(ဇ) နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊

(ဈ) အကောက်ခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊

(ည) အရေးပေါ်ဆင်းသက်ခြင်းနှင့် ရေပြင်ပေါ်ဆင်းသက်ခြင်း (ditching) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(ဋ) စိတ်ဓာတ်ချောက်ချားနေသူများ (distraught) နှင့် စိတ်မနှံ့သူများ (deranged) အား ကိုင်တွယ်ထိန်းသိမ်းနည်း၊

(ဌ) ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ကိရိယာများကို သိရှိခြင်း၊

(ဍ) အန္တရာယ်ရှိသော ပစ္စည်းများနှင့် မူးယစ်ဆေးဝါးကဲ့သို့ တားမြစ်ထားသော ဆေးဝါးများနှင့် ပစ္စည်းများကို သိရှိနားလည်နိုင်မည့် နည်းလမ်းများ၊

(ဎ) ပေါက်ကွဲစေတတ်သော ပစ္စည်းများအား ဘေးအန္တရာယ်အနည်းဆုံးဖြင့် ရှာဖွေသိရှိနိုင်သည့်နည်းလမ်းများ (least risk bomb location)။

၆။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများသည် အောက်ပါအကြောင်းအရာတို့ကို အထွေထွေဗဟုသုတအဖြစ် လေ့လာသိရှိထားရမည် -

(က) မိမိတို့တာဝန်ထမ်းဆောင်စဉ် ရောက်ရှိမည့် ပြည်ပလေဆိပ်နိုင်ငံများ၏ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်အကြောင်းအရာများ၊ နိုင်ငံရေးအခြေအနေ၊ ခြိမ်းခြောက်မှုအခြေအနေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်နှင့် လေကြောင်းလုံခြုံရေးဝန်ထမ်းတို့၏ အကြောင်းအရာနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊

(ခ) လေကြောင်းလိုင်းများနှင့် လေဆိပ်အာဏာပိုင်များထံမှ ရရှိနိုင်မည့် သတင်းအချက်အလက်များ၊ လက်နက်များ သိုဝှက်ထားရှိမည့်နေရာနှင့် လုပ်ထုံးလုပ်နည်းများ၊ ဖော်ပြပါ အာဏာပိုင်အဖွဲ့အစည်းများမှ အရေးကြီးပုဂ္ဂိုလ်များအား ဆက်သွယ်နိုင်ရန် တယ်လီဖုန်းနံပါတ် အစရှိသည်များနှင့်စပ်လျဉ်းသည့်ကိစ္စများ။

**တာဝန်များ**

၇။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများသည် အဖွဲ့ဖြင့်ဆောင်ရွက်ရာတွင် အနည်းဆုံး (၂) ဦး ပါရှိရမည်ဖြစ်ပြီး လေယာဉ်ကြီးများနှင့် ခြိမ်းခြောက်မှုအန္တရာယ်ကြီးမားသော လေယာဉ် သို့မဟုတ် ခရီးစဉ်များအတွက်ဖြစ်ပါမူ အနည်းဆုံး (၆) ဦးမှ လိုအပ်သောအရေအတွက်ထိ တိုးမြှင့်၍ ဖွဲ့စည်းလိုက်ပါဆောင်ရွက်ရမည်။

၈။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လေယာဉ်ပေါ်သို့ ခရီးသည်များ မတက်ရောက်မီတွင်သော်လည်းကောင်း၊ ခရီးသည်များ၏ ဝန်စည်စလယ်များ (baggage)၊ ကုန်စည်များ (cargo) နှင့်ချောထုပ်များ မတင်ဆောင်မီသော်လည်းကောင်း လေယာဉ်ကို လုံခြုံရေးအရ ရှာဖွေခြင်းနှင့် စစ်ဆေးခြင်း၊
( ခ ) လေယာဉ်စတင်ထွက်ခွာသည့် လေဆိပ်နှင့် လေယာဉ်ခေတ္တရပ်နားသည့် လေဆိပ်တို့တွင် ခရီးသည်များနှင့် ခရီးသည်များ၏ ပစ္စည်းများကို လေယာဉ်ပေါ်သို့ တင်ဆောင်ရာတွင်ဖြစ်စေ၊ ပြန်လည်တင်ဆောင်ရာတွင်ဖြစ်စေ ရှာဖွေခြင်းနှင့် စစ်ဆေးခြင်း၊
( ဂ ) လေယာဉ်ပျံသန်းစဉ် ခြိမ်းခြောက်မှုတစ်စုံတစ်ရာနှင့် ကြုံတွေ့ရပါက လေယာဉ်ပေါ်တွင် ရှာဖွေခြင်း၊
(ဃ) လေယာဉ်ပျံသန်းနေစဉ်နှင့် တစ်ထောက်ရပ်နားနေစဉ် ခရီးသည် များ စီးနင်းလိုက်ပါသည့်နေရာကို လုံခြုံမှုရှိစေရန် ကြီးကြပ် ဆောင်ရွက်ခြင်း၊
( င ) ဥပဒေနှင့်အညီမဟုတ်သော ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် နှောင့်ယှက်ဖျက်ဆီးခြင်း ပြုလုပ်မည်ဟု ယုံကြည်လောက်အောင် သံသယရှိသော ပြစ်မှုကျူးလွန်သူများ၏ ပြုမူဆောင်ရွက်ချက်များ အား နှိမ်နင်းခြင်း၊
( စ ) လေယာဉ်ပေါ်တွင် ပေါက်ကွဲစေတတ်သည်ဟု သံသယဖြစ်ဖွယ် ရှိသော ပစ္စည်းကိရိယာတစ်စုံတစ်ရာ တွေ့ရှိပါက အန္တရာယ် အနည်းဆုံးဖြစ်ပေါ်စေမည့် နေရာ (least risk bomb location) တွင် ထားရှိနိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ခြင်း။

**တာဝန်ကျအချိန်ဇယား**

၉။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများအား တာဝန်ချထားခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -
(က) ခရီးရှည်ပျံသန်းသည့် ခရီးစဉ်များတွင် အချိန်ဇယားရေးဆွဲပြီး တာဝန်ချထားရမည်။
( ခ ) မြေပြင်တာဝန်များကို အလှည့်ကျထမ်းဆောင်ရာတွင် စုစုပေါင်း တာဝန်ချိန်၏ ၅၀ ရာခိုင်နှုန်းဖြစ်စေ၊ ၎င်းထက်ပိုသော အချိန်ကာလ ကိုဖြစ်စေ ထမ်းဆောင်နိုင်ရန် စီစဉ်ထားရမည်။
( ဂ ) ဆက်တိုက်တာဝန်ထမ်းဆောင်ရခြင်းနှင့် တာဝန်ပိခြင်းတို့ကြောင့် ငြီးငွေ့ကာ ၎င်းတို့၏ကျွမ်းကျင်မှုနှင့် အရည်အသွေးများ ကျဆင်းမှုမရှိစေရန် အလှည့်ကျတာဝန်ထမ်းဆောင်စေရမည်။

**စည်းမျဉ်းစည်းကမ်းများ (Rules of Engagement)**

၁၀။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများ တိကျစွာလိုက်နာဆောင်ရွက်ရမည့် အသေးစိတ်စည်းမျဉ်းစည်းကမ်းများကို ကြိုတင်ပြင်ဆင်၍ အခွင့်အာဏာအပ်နှင်းပြီး ၎င်းတို့အား သိရှိစေရန် ဖြန့်ဝေထားရမည့်အပြင် အဆိုပါစည်းမျဉ်းစည်းကမ်းများကို အောက်ပါနေရာဌာနများသို့လည်း ဖြန့်ဝေပေးထားရမည် -
(က) ပြည်တွင်းလေဆိပ်များနှင့် လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သောဝန်ထမ်းများ ရောက်ရှိရပ်နားမည့် နိုင်ငံခြားလေဆိပ်များအားလုံး၊
( ခ ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများ ရောက်ရှိရပ်နားမည့် လေကြောင်းလိုင်းများ၊
( ဂ ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများ ဖြတ်သန်းသွားရမည့် အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ဝင်နိုင်ငံများ၏အစိုးရများ။

**အမိန့်ပေးခြင်းနှင့် ထိန်းချုပ်ခြင်း (Command and Control)**

၁၁။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများနှင့် ပတ်သက်၍ အမိန့်ပေးမှုနှင့် ထိန်းချုပ်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းအဖွဲ့ဝင်များအားလုံးအပေါ် အာဏာရှိပြီး တာဝန်ခံရမည့် ခေါင်းဆောင်တစ်ဦးကို သတ်မှတ်တာဝန်ပေးထားရမည်။

( ခ ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများသည် စည်းမျဉ်းစည်းကမ်းများအရ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်ဟု သီးခြားအခွင့်အာဏာ ပေးအပ်ထားသည့် ကိစ္စရပ်များမှအပ လေယာဉ်မှူး၏ စီမံခန့်ခွဲမှုအောက်တွင် ဆောင်ရွက်ရမည်။

**လုံခြုံရေးလိုက်ပါဆောင်ရွက်သည့် နည်းလမ်းများ**
**(Overt and Covert Deployment)**

၁၂။ (က) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများကို မလျှို့ဝှက်ဘဲ ထင်ထင်ပေါ်ပေါ် လိုက်ပါသောနည်း (overt mode) ဖြင့်ဖြစ်စေ၊ လျှို့ဝှက်စွာလိုက်ပါသောနည်း (covert mode) ဖြင့်ဖြစ်စေ ကျင့်သုံးနိုင်သည်။

( ခ ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများကို မလျှို့ဝှက်ဘဲ ထင်ထင်ပေါ်ပေါ် လိုက်ပါသောနည်းကို ကျင့်သုံးရာ၌ ခရီးသည်များ လေယာဉ်ပေါ်မတက်မီ လုံခြုံရေးကိစ္စအချို့ကို ပါဝင်ဆောင်ရွက်နိုင်ပြီး ခရီးသည်များက ဂရုပြုမိခြင်းဖြင့် လေယာဉ်ပေါ်တွင် ဥပဒေနှင့်မညီသော လုပ်ဆောင်မှုများကိုလည်း ဟန့်တားရာရောက်စေမည်ဖြစ်သည်။

( ဂ ) လျှို့ဝှက်စွာလိုက်ပါသောနည်းကို ကျင့်သုံးရာ၌ ထိုလုံခြုံရေး လိုက်ပါဆောင်ရွက်သော ဝန်ထမ်းများသည် လေယာဉ်အမှုထမ်းများနှင့်လည်းကောင်း၊ မလျှို့ဝှက်ဘဲ ထင်ထင်ပေါ်ပေါ် လိုက်ပါသောနည်းဖြင့် လိုက်ပါဆောင်ရွက်သော လုံခြုံရေးဝန်ထမ်းများနှင့်လည်းကောင်း ဆက်သွယ်မှုလုံးဝမပြုလုပ်ဘဲ သာမန်ခရီးသည်အသွင်ဖြင့်သာ လိုက်ပါဆောင်ရွက်ရမည်။

(ဃ) အထက်ဖော်ပြပါ နည်းလမ်းနှစ်မျိုးစလုံးကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် မြို့ပြလေကြောင်းလုံခြုံရေးကို ထိပါးသည့် ဥပဒေမဲ့ပြုမူမှုများကို ဟန့်တားနိုင်ပြီး နောင်ဖြစ်ပေါ်လာမည့် ဥပဒေမဲ့ပြုမူမှုများကိုလည်း ဟန့်တားရာတွင် များစွာအထောက်အကူပြုနိုင်သည်။

**သေနတ်များ၊ လက်နက်ခဲယမ်းများနှင့် ပစ္စည်းကိရိယာများ**

၁၃။ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးအတွက် သေနတ်များ၊ လက်နက်ခဲယမ်းများနှင့်ပစ္စည်းကိရိယာများ ကိုင်ဆောင်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ -

(က) လက်နက်များကို အသေးစိတ် တိကျစွာစိစစ်ရွေးချယ်ပေးရမည်။

( ခ ) လက်နက်များကို စမ်းသပ်စစ်ဆေးပြီး လေယာဉ်ပေါ်တွင် အသုံးပြုခွင့်ပေးထားရမည်။

( ဂ ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်ခြင်း အစီအစဉ်ကို စတင်ပြုလုပ်မည်ဆိုပါက လက်နက်ခဲယမ်းဆိုင်ရာ နည်းပညာများကို အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) ၏ အခြားအဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် အဆိုပါအဖွဲ့ချုပ်၏ လေကြောင်းလုံခြုံရေးဌာန (AVSEC Branch) နှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

(ဃ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများက လုပ်ဆောင်ရမည့်အခြေအနေနှင့် စည်းမျဉ်းစည်းကမ်းများပေါ် မူတည်၍ အသက်အန္တရာယ်ကို ထိခိုက်စေခြင်းမရှိသော လက်နက်များကို ကိုင်ဆောင်စေရန် စီစဉ်ပေးရမည်။

(င) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများ အား လုံလောက်သော လက်နက်ခဲယမ်းများကို ထုတ်ပေးထားရမည့် အပြင် နိုင်ငံခြားလေဆိပ်များနှင့် ၎င်းတို့တာဝန်ကျရာ စခန်းများတွင် ယင်းလက်နက်ခဲယမ်းများကို သိုလှောင်ထိန်းသိမ်းထားရှိရေးနှင့် ဖြည့်ဆည်းပေးရေးတို့အတွက် စီမံဆောင်ရွက်ရမည်။

(စ) ယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းအားလုံး သည် ထိရောက်စွာ ဖမ်းဆီးချုပ်နှောင်နိုင်သည့် ပစ္စည်းကိရိယာများကို ကိုင်ဆောင်ထားရမည်ဖြစ်ပြီး ယင်းပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

(ဆ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများ အား ဥပဒေမဲ့ပြုမူမှုနှင့် နှောင့်ယှက်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် အတွက် အရေးပေါ် ကိစ္စပေါ် ပေါက်သည့်အခါ အသင့်ဆောင်ရွက်နိုင်ရန် အလို့ငှာ လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်သော ဝန်ထမ်းများအား သင်တန်းများပေးခြင်း၊ အစမ်းလေ့ကျင့်ခြင်းများ ပြုလုပ်ထားရမည်။ လေယာဉ်ပျံသန်းစဉ် အီလက်ထရွန်နစ် ဆက်သွယ်ရေးပစ္စည်းကိရိယာများကို ဖြစ်နိုင်သမျှ အသုံးပြုခြင်းမရှိစေရ။

ဗိုလ်ချုပ်သိန်းဆွေ၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၉)

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယအထွေထွေမန်နေဂျာ (စက်ခေါင်း) ရာထူးနေရာတွင် လက်ရှိရာထူးလစာဖြင့် တာဝန်ထမ်းဆောင်နေသော လက်ထောက် အထွေထွေမန်နေဂျာ (စက်မှု) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးဝင်းဦး (၁) အား ဒုတိယအထွေထွေမန်နေဂျာ (စက်ခေါင်း) လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၀၉)

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်

(၁/၂၀၀၉) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်အထွေထွေမန်နေဂျာ ရာထူးနေရာတွင် လက်ရှိရာထူးလစာဖြင့် တာဝန်ထမ်းဆောင်နေသော အင်ဂျင်နီယာမှူး (စက်မှု) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ဦးတင်မောင်သန်းနှင့် ဦးမြင့်စိုးတို့အား လက်ထောက်အထွေထွေမန်နေဂျာ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်အောင်မင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

အမှတ် ၄ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးသော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ ဆုံးဖြတ်ချက်အရ ကချင်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးကျော်ဝင်းအား မကွေးတိုင်း၊ တိုင်းပညာရေးမှူးအဖြစ် လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၅ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးသော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ ဆုံးဖြတ်ချက်အရ ချင်းပြည်နယ်၊ ပြည်နယ်ပညာရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးခင်မောင်ထွေးအား ကချင်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူးအဖြစ် လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၆ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးသော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ ဆုံးဖြတ်ချက်အရ ကယားပြည်နယ်၊ ပြည်နယ်ပညာရေးမှူး လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ဦးမြင့်စိုးအား ချင်းပြည်နယ်၊ ပြည်နယ်ပညာရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဖြစ် တိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

အမှတ် ၇ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောဝင်းအား မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှ စ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၈ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန (အောက်/အထက်မြန်မာပြည်) အောက်ရှိ အောက်ဖော်ပြပါ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များအား ယှဉ်တွဲဖော်ပြပါ အဆင့်မြင့်ပညာဦးစီးဌာနများတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်များအဖြစ် တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတက္ကသိုလ် | ပြောင်းရွှေ့ခန့်ထားသည့် ဌာန |
|---|---|---|---|
| ၁။ | ဒေါက်တာခိုင်မြဲ | စစ်တွေတက္ကသိုလ် | အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) |
| ၂။ | ဦးလှတင့် | ပုသိမ်တက္ကသိုလ် | အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) |
| ၃။ | ဒေါက်တာ ခင်မောင်ဦး | လားရှိုးတက္ကသိုလ် | အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) |
| ၄။ | ဦးအောင်မြင့် | မုံရွာစီးပွားရေး တက္ကသိုလ် | အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) |

အမှတ် ၉ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန (အောက်/အထက်မြန်မာပြည်) အောက်ရှိ အောက်ဖော်ပြပါ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များအား ယှဉ်တွဲဖော်ပြပါ တက္ကသိုလ်များတွင် ဒုတိယပါမောက္ခချုပ်များအဖြစ် တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတက္ကသိုလ် | ပြောင်းရွှေ့ခန့်ထားသည့် တက္ကသိုလ် |
|---|---|---|---|
| ၁။ | ဒေါက်တာ မာလာအောင် | ရန်ကုန်အဝေးသင် တက္ကသိုလ် | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် |
| ၂။ | ဒေါက်တာ ဌေးအောင်ဝင်း | မြစ်ကြီးနား တက္ကသိုလ် | လားရှိုးတက္ကသိုလ် |
| ၃။ | ဒေါက်တာစိန်ထွန်း | တောင်ငူတက္ကသိုလ် | မိတ္ထီလာတက္ကသိုလ် |
| ၄။ | ဒေါက်တာ တင်မောင်လှ | ပြည်တက္ကသိုလ် | မန္တလေးအဝေးသင်တက္ကသိုလ် |

ဒေါက်တာချမ်းငြိမ်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၇ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

အမှတ် ၇ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၏ သဘောတူဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဥပဒေရေးရာဆေးပညာဘာသာရပ် ကထိက (၄) ဦး လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဌာန/တက္ကသိုလ်သို့ ဘွဲ့လွန်ကထိက လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်။

| စဉ် | ဆမ | အမည်/ပညာ/ ရာထူး/ဌာန | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး/ဌာန/တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၄၂၂၈ | ဒေါက်တာဦးကျော်ကျော်ဦး<br>M.Med.Sc (Med.Juris)<br>ကထိက<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်-မန္တလေး<br>လစာနှုန်း<br>(၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | ဘွဲ့လွန်ကထိက<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန်<br>(တွဲဖက်ပါမောက္ခရာထူးကို<br>ကျောထောက်နောက်ခံပြု၍)<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၂။ | ၁၄၀၁၄ | ဒေါက်တာဦးအောင်မျိုးထွန်း<br>D.M.J, M.Med.Sc (Med.Juris)<br>ကထိက<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန်<br>လစာနှုန်း<br>(၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | ဘွဲ့လွန်ကထိက<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန်<br>(တွဲဖက်ပါမောက္ခရာထူးကို<br>ကျောထောက်နောက်ခံပြု၍)<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၃။ | ၁၀၈၁၁ | ဒေါက်တာဒေါ်နန်းခင်မြ<br>D.M.J, M.Med.Sc (Med.Juris)<br>ကထိက<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်-မန္တလေး<br>လစာနှုန်း<br>(၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | ဘွဲ့လွန်ကထိက<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်-မန္တလေး<br>(တွဲဖက်ပါမောက္ခရာထူးကို<br>ကျောထောက်နောက်ခံပြု၍)<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၄။ | ၅၆၅၀ | ဒေါက်တာဦးကိုကိုကြီး<br>D.M.J, M.Med.Sc (Med.Juris)<br>ကထိက<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်-မန္တလေး<br>လစာနှုန်း<br>(၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | ဘွဲ့လွန်ကထိက<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်-မန္တလေး<br>(တွဲဖက်ပါမောက္ခရာထူးကို<br>ကျောထောက်နောက်ခံပြု၍)<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |

**မှတ်ချက်** ။ ။ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားသည့် ဘွဲ့လွန်ကထိကများသည် ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆိုရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲမှ ရာထူးပြောင်းရွှေ့အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၈ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးပညာသင်ကြားရေးဗဟိုဌာနမှ အောက်ဖော်ပြပါ ဌာနစုမှူး (၂) ဦးအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဆေးသိပ္ပံပညာဦးစီးဌာနတွင်ပင် ဌာနစုမှူး လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) အဖြစ် ရာထူးပြောင်းရွှေ့ခန့်ထားလိုက်သည်။

| စဉ် | ဆမ | အမည်/ပညာ/ ရာထူး/ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး/ဌာန |
|---|---|---|---|
| ၁။ | ၁၅၃၇၄ | ဒေါက်တာဦးကျော်ခိုင်ဦး<br>M.P.H (12/2008)<br>ဌာနစုမှူး<br>ဆေးပညာသင်ကြားရေးဗဟိုဌာန<br>ဆေးသိပ္ပံပညာဦးစီးဌာန<br><br><br>လစာနှုန်း<br>(၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) | ဌာနစုမှူး<br>ဘွဲ့ကြိုဌာနစိတ်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>[လက်ထောက်ညွှန်ကြားရေးမှူး (ဘွဲ့ကြို) ရာထူးကို ကျော်ထောက်နောက်ခံပြု၍]<br>လစာနှုန်း<br>(၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) |
| ၂။ | ၁၇၈၀၆ | ဒေါက်တာဦးအောင်ကိုကိုမင်း<br>M.P.H (12/2008)<br>ဌာနစုမှူး<br>ဆေးပညာသင်ကြားရေးဗဟိုဌာန<br>ဆေးသိပ္ပံပညာဦးစီးဌာန<br><br><br>လစာနှုန်း<br>(၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) | ဌာနစုမှူး<br>စီမံဌာနစိတ်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>[လက်ထောက်ညွှန်ကြားရေးမှူး (စီမံ) ရာထူးကို ကျော်ထောက်နောက်ခံပြု၍]<br>လစာနှုန်း<br>(၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) |

**မှတ်ချက်** ။ ။ ရာထူးပြောင်းရွှေ့ခန့်ထားသည့် ဌာနစုမှူးများသည် ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆိုရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲမှ သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

ပါမောက္ခဒေါက်တာကျော်မြင့်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။